# ကညွတ်စိုက်ပျိုးနည်း

မြန်မာအမည် - ကညွတ်

အင်္ဂလိပ်အမည် - ASPARAGUS

ရုက္ခဗေဒအမည် - *Asparagus officinalis*

မူရင်းအမည် - LILIACEAE

**၁။ မူရင်းဒေသ**

မြေထဲပင်လယ် ကမ်းခြေဒေသ တစ်ဝိုက်၊ ဥရောပ အနောက်ပိုင်း၊ ဗြိတိသျှကျွန်းစုတောင်ပိုင်း၊ ဆိုဗီယက်နှင့် ပိုလန်နိုင်ငံများဖြစ်သည်။

**၂။ ကညွတ်အမျိုးအစားများ**

ကမ္ဘာပေါ်တွင် ကညွတ်အမျိုးအစားပေါင်း(၁၅၀)ခန့်ရှိပါသည်။ မြန်မာနိုင်ငံတွင် ကညွတ်ရိုင်းများကို ဟသ်ာတ၊ ခနုဖြူ၊အင်ဘို၊သာယာဝတီနယ်များတွင်စိုက်ပျိုးသည်ကိုတွေ့ရှိရပါသည်။မြန်မာကညွတ်မျိုးများသည် အစို့တုတ်ခိုင်သန်မာ ပြီး စားသောက်ရာတွင်သက်တက်တက်အရသာရှိပြီး အမျှင်ပါဝင်၍ ဆေးဘက်ဝင် ပါသည်။ ယခုအခါကညွတ် စပ်မျိုးများကို စိုက်ပျိုးကြပြီး စပ်မျိုးကညွတ် များသည် စားသောက် ရာတွင် နူးညံ့မှုရှိပြီးအထွက်စောပါသည်။

**၃။ မြေအမျိုးအစား**

သဲနုန်းမြေ၊ နုန်းမြေမျိုးတွင် ကောင်းစွာဖြစ်ထွန်းပြီး သဲဆန်လွန်းသောမြေ၊ စေးလွန်းသောမြေများကို မနှစ်သက်ပါ။ ရေဝပ်သောမြေတွင်အမြစ်ဥများပုပ်၍အပင်သေနိုင်သဖြင့် မစိုက်ပျိုးသင့်ပါ။ မြေချဉ်ငံဓါတ် (၆.၂-၆.၈ )ရှိသောမြေတွင် စိုက်ပျိုးဖြစ်ထွန်းပါသည်။

**၄။ ရာသီဥတု**

သမပိုင်းရာသီကို ကြိုက်နှစ်သက်သော်လည်းမြန်မာနိုင်ငံအနှံ့ အပြားတွင် စိုက်ပျိုးနိုင်ပါသည်။ အလွန်အေးသော အချိန်တွင် အပင်များကျတတ်ပါသည်။ မိုးရေချိန်(၅၅-၆၀) လက်မရွာသွန်းသည့်ဒေသများတွင်ကောင်းစွာဖြစ်ထွန်းပါသည်။ ကညွတ် ကောင်းစွာ ဖြစ်ထွန်းရန် နေရောင်ခြည် ကောင်းစွာ လိုအပ်ပြီး တစ်နေ့လျှင်နေရောင်ခြည်(၈)နာရီ ခန့်ရရှိရန် လိုအပ်ပါသည်။



**၅။ မျိုးစေ့နှုန်း**

တစ်ဧကလျှင် မျိုးစေ့( ၃၀၀ - ၅၀၀ ) ဂရမ် သုံး၍ ပျိုးထောင်ပါ။

**၆။ မျိုးစေ့အညှောင့်ဖောက်ခြင်း၊ပျိုးခြင်း**

ကညွတ်မျိုးစေ့များသည် အစေ့ငုပ်နားနေတတ်သည့် မျိုးစေ့အုပ်စုတွင်ပါနေသဖြင့် မျိုးစေ့ငုပ်ခြင်းကိုချေဖျက် ပေးရန် မျိုးစေ့များကို ရေနွေးကြက်သီးနွေး(၅၀-၅၅°C)တွင် လေးနာရီကြာ စိမ်ပေးပြီးနောက် ရေစစ်ထုတ်ပေးပါ။ ထို့နောက်မျိုးစေ့ကို ရေစစ်ပြီးစွပ်ကျယ်စ(သို့) ရေစုပ်ယူနိုင်သည့်ပိတ်စ ဖြင့်**ထုပ် ပြီး** မြေအိုးအတွင်းသို့ထည့်ပါ။မြေအိုးပေါ်မှပလပ်စတစ်အမည်းဖြင့် လုံအောင်ဖုံးပြီး ရာသီဥတုပေါ်မူတည်၍ နေပူထဲတွင်(၃-၄)ရက်ခန့်ထားပေးပါ။ မျိုးညှောင့်ပေါက်ပြီး မျိုးစေ့များကို မြေအသင့်ထည့်ပြီး ပျိုးအိတ်(သို့)ပျိုးဗန်း များတွင် တစ်စေ့ခြင်း ထည့်၍ လည်းကောင်း၊ အသင့်ပြုလုပ်ပြီး ပျိုးဘောင်တွင် တစ်စေ့နှင့် တစ်စေ့တစ်လက်မခြား၍ပျိုးပါ။ပျိုးစပ်မြေအဖြစ်မြေဆွေး(၂)ဆ၊ နွားချေးဆွေးမှုန့်(၁)ဆ၊စက်ဖွဲပြာ(၁)ဆ၊ရောစပ် အသုံးပြုပါ။

**၇။ မြေပြုပြင်ခြင်း**

ထယ်တစ်စပ်၊ ထွန်နှစ်စပ် ညက်ညက် ထွန်ပေးပြီး ပေါင်းမြက် ကင်းစင်အောင် ကောက်ပေးရမည်။ မိုးများသော ဒေသ တွင်အကျယ်(၂)ပေ၊ အမြင့်(၁-၁.၅)ပေဘောင်များဖြင့် စိုက်ပျိုးရပါမည်။ မိုးနှောင်းကာလနှင့် မိုးနည်းသော ဒေသတွင် အကျယ်( ၁-၁.၅ )ပေ၊ အနက်( ၈-၁၀ )လက်မ ထိစိုက်ကျင်းမြောင်းရှည်များ တူးကာ စိုက်ပျိုးနိုင်ပါသည်။ မြေခံအဖြစ် နွားချေး ဆွေး၊ စက်ဖွဲပြာ၊စပါးခွံတို့ကို မြေမွစေရန်ထည့်သွင်းပေးရပါမည်။ (ပေ ၁၀၀ဘောင်၊ မြောင်းတွင် နွားချေး (၅-၁၀) အိတ်၊ စက်ဖွဲပြာ (၃) အိတ်၊ စပါးခွံ(၃)အိတ်) ထည့်ပေးပါ။

**၈။ စိုက်ပျိုးခြင်း**

ပျိုးသက်(၂-၃)လသားအရွယ်ရှိသောပျိုးပင်များကို စိုက်ပျိုးပါ။ ပင်ကြား၊ တန်းကြား အကွာဝေး ကို(၂' ×၂.၅') (၁.၅'×၄')စသည်ဖြင့် ရာသီဥတုပေါ်မူတည်ပြီး စိုက်ပျိုးနိုင်သည်။(၂'×၂.၅')ဖြင့်စိုက်ပျိုးပါကတစ်ဧကလျှင်အပင်(၈၇၁၂)ပင်နှင့် (၁.၅'×၄') စိုက်ပျိုးပါက တစ်ဧကလျှင် အပင်(၇၂၆၀) ပင်ဝင်ဆံ့ပါသည်။

**၉။ အပင်ပြုစုခြင်း**

ပေါင်းမြက်များကို အပင်သက်တမ်း တစ်လျှောက် ရှင်းလင်း ပေးခြင်း၊ စက်ဖွဲပြာ၊ စပါးခွံများ ထည့်ပေးခြင်း၊ ဘောင်ထပ်ပေးခြင်း များကိုအခါအားလျော်စွာ ပြုလုပ်ပေးရပါမည်။ ခြောက်သွေ့ရာသီတွင် ရေပေးသွင်းခြင်းကို မြေအစိုဓါတ်အပေါ်မူတည်ပြီး ပေးသွင်းရပါမည်။ စိုက်ပြီးအပင်သက်နှစ်လသားအရွယ်တွင် အပင်များကို ယိုင်လဲမှု မရှိစေရန် တိုင်ထောင်ကြိုးတန်းပေးခြင်းကိုပြုလုပ်ပေးရပါမည်။ အပင်သက်(၃-၄)လသားအရွယ်မှစ၍ အပင်သားတက် ဖယ်ခြင်းကို တစ်အုံတွင် (၃-၄)ပင်ချန်၍ ပြုလုပ်**ပေးရပါမည်။**

ပင်စည်ကိုင်းများကို တစ်ပင်လုံး မညှိုးခင် မဖြတ်ပဲ ပင်စည်ကိုင်းမှ အမြစ်ဥသို့ အစာပြောင်းရွှေ့ပြီးမှသာ ပင်စည်ကိုင်းများကိုဖြတ်ပြီး သဘာဝမြေဩဇာ၊ ဓါတ်မြေဩဇာထည့်ခြင်း ပြုလုပ်ကြ ပါသည်။ ပင်စည်အသစ်များ အားကောင်းချိန်တွင် ပင်စည်ဟောင်းများ မညှိုးမှီဖြတ်ပေး၍ မြေဩဇာကျွေးခြင်းကို ဆောင်ရွက်ပါက အထွက် မလျော့စေသည့် အပြင်အကြိမ် အရေအတွက်များများခူးဆွတ်နိုင်ပါသည်။ရေသွင်းရေထုတ် ကောင်းစေရန် ရေသွင်း ရေထုတ်မြောင်း များကို စနစ်တကျ တူးဖော်ထားရှိရမည်။ အပင်သက်တမ်း တစ်လျှောက် နှစ်ပတ်တွင် တစ်ကြိမ် နွမ်းဖက်ပုပ်ဖျော်ရည်ကို အပင်ခြေတွင်လောင်းပေးပါ။(နွမ်းဖက်နှင့် နွားချေးအစို(၃)ပိဿာကို ရေ၅ဂါလံနှင့်ရောစပ်၍ (၁၀)ရက်ခန့် အဖုံးပိတ်အပုပ်ခံ ပြီးနှပ်ထားပါ။

ငှင်းအပုပ်ရည် နို့ဆီဘူးတစ်ဘူး နှင့် ရေ(၄)ဂါလံ ရောစပ်ပြီး တစ်ပင်လျှင်နို့ဆီဘူးတစ်ဝက်ခန့်လောင်းပေးပါ။

## ၁၀။ မြေဩဇာကျွေးခြင်း

ကညွတ်ကို အောက်ပါ**မြေဩဇာ**နှုန်းထားအတိုင်းမြေအမျိုးအစား နှင့်သက်တမ်းအလိုက် ထည့်သွင်း ရပါမည်။ မိုးဦးကျတွင် တစ်ကြိမ်၊ မိုးနှောင်းပိုင်းတွင် တစ်ကြိမ်၊နှစ်ကြိမ်ခွဲ၍ ထည့်ပေးရန် (သို့)ပေါင်းရှင်းပြီးတိုင်း၊ပင်စည်ဟောင်းဖြတ်ပြီးတိုင်းအကြိမ်ကြိမ်ခွဲကျွေးရန် ဖြစ်ပါသည်။

| စဉ် | မြေ အမျိုးအစား | အပင် သက် **တမ်း** | မြေဆွေး (တန်) | ယူရီးယား (၅၀kg အိတ်/ ဧက) | တီဆူပါဖောစဖိတ် (၅၀kg အိတ်/ ဧက) | ပိုတက်ရှ် (၅၀kg အိတ်/ ဧက) |
|---|---|---|---|---|---|---|
| ၁ | နုန်းမြေ | ၁နှစ် | ၁၀ | ၂ | ၃ | ၂ |
| | | ၂နှစ် | - | ၃ | ၂ | ၂ |
| | | ၃.၅နှစ် | ၆ | ၄ | ၃ | ၂ |
| | | ၆နှစ်နှင့် အထက် | ၆ | ၄ | ၃ | ၂ |
| ၂ | သဲနုန်း မြေ | ၁နှစ် | ၁၀ | ၂ | ၃ | ၃ |
| | | ၂နှစ် | - | ၃ | ၃ | ၃ |
| | | ၃.၅နှစ် | ၆ | ၅ | ၅ | ၆ |
| | | ၆နှစ်နှင့် အထက် | ၆ | ၅ | ၅ | ၆ |

## ၁၁။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

ပိုးမွှားရောဂါ ကျရောက်မှုကို ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းရေးနည်းလမ်းများဖြင့်ကြိုတင်ကာကွယ်ရမည်။ ကညွတ်တွင် ကျိုင်း၊ ငမြောင်တောင်၊ ပျ ကျရောက်ပါက ကာဘရိုင်း၊ ဘာမတင်နှင့်တမာပိုးသတ်ဆေးများဖြင့်လည်းကောင်း၊ပင်စည်ပုပ်ရောဂါ၊ အမြစ်ပုပ်ရောဂါ၊ မြစ်ဥပုပ်ရောဂါ၊ သံချေး ရောဂါများ ကျရောက်ပါက ကာဗင်ဒါဇင် Pro–One၊ မန်ကိုဇက်နှင့် ကာဆူမင် စသည့် မှိုသတ်ဆေးများဖြင့် လည်းကောင်း အညွှန်းအတိုင်း ပက်ဖျန်း၍ နှိမ်နင်း ရပါမည်။

## ၁၂။ ရိတ်သိမ်းခြင်း

အပင်သက်တမ်း (၆-၈) လမှ စတင်ပြီး ကညွတ်အစို့များကို စတင်နုတ်ယူပြီး ရောင်းချနိုင်ပြီ ဖြစ်ပါသည်။ အပင်ပြုစုမှုအပေါ်မူတည်ပြီးကညွတ်(၁)ဧကမှနေ့စဉ်ပိဿာ(၂၀-၃၀)အထိ ရရှိနိုင်ပါသည်။**စိုက်ပျိုးသူများသည်**အပင်သက်တမ်း(၅-၆)နှစ် အထိ **သာ ထားပါသည်။**







လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲ

# ကညွတ်စိုက်ပျိုးနည်း







၂၀၁၆ခုနှစ်